ဝၼ်ႈငၢၼ်းတႆး,မူဝ်,ၼရေႉ,ၸီ,လိူဝ်ႈမိူင်းတႆး
ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
Shan Nationalities League for Democracy

# သဘောထား ထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၈ ရက်

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲရလဒ်များ ပယ်ဖျက်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသစ်တာဝန်ပေးခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကြေညာထုတ်ပြန်ခဲ့သည်နှင့် စပ်လျဉ်း၍ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားကို အောက်ပါအတိုင်း ထုတ်ပြန် ကြေညာလိုက်ပါသည်။

(၁) လက်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်လိုက်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကိုယ်တိုင် ဆုပ်ကိုင်ထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် နည်းဥပဒေများအား ဆန့်ကျင်ကျော်လွန် ဆောင်ရွက်ရာရောက်သည့်အပြင် ထိုသို့ ပယ်ဖျက်ခြင်းသည် ဒီမိုကရေစီအင်္ဂါရပ်နှင့် စံနှုန်းများအား သွေဖယ်နေသည့်အတွက် တရားမျှတမှု လုံးဝ မရှိသကဲ့သို့ လက်ခံနိုင်စရာ လည်းမရှိပါ။

(၂) ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများ၊ တရားမဲ့ပြုကျင့်မှုများ ရှိနိုင်သည်ဆိုသော်ငြားလည်း တနိုင်ငံလုံး အတိုင်းအတာအရ ထွက်ပေါ်လာသည့် မဲရလဒ်သည် အများစုသော ပြည်သူလူထု၏ ဆန္ဒအမှန်ကို ကိုယ်စားပြုသည်ဟု လက်ခံယုံကြည်ပါသည်။

(၃) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ၊ တရားမဲ့ပြုကျင့်မှုများ ရှိခဲ့သည့်တိုင် ဥပဒေနှင့်အညီ ခုံရုံးများဖွင့်၍ ဖြေရှင်းဆောင်ရွက်ရပါမည်။ သို့သော် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း တဦးတယောက်ကိုမျှ ဥပဒေအတိုင်း လျှောက်လဲခွင့်၊ ဖြေရှင်းချေပခွင့် မပေးဘဲ ရွေးကောက်ပွဲရလဒ် တခုလုံးကို သိမ်းကျုံး၍ ပယ်ဖျက်လိုက်ခြင်းသည် ဥပဒေနှင့်အညီ ရိုးသားဖြောင့်မတ်စွာ ရွေးကောက်ပွဲဝင်ခဲ့ကြသူ ကိုယ်စားလှယ်လောင်းများ၊ ဆန္ဒမဲပေးခဲ့ကြသည့် ပြည်သူများအား မတရားသဖြင့် နှိပ်ကွပ်စီးနင်းပြုရာရောက်ပါသည်။

(၄) သို့ဖြစ်ပါ၍ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ရိုးရိုးသားသား မှန်မှန်ကန်ကန် ဝင်ရောက်ယှဉ်ပြိုင်ကာ ပြည်သူ့ဆန္ဒနှင့်အညီ အနိုင်ရရှိခဲ့သော၊ ရွေးကောက်ပွဲဆိုင်ရာ တရားမျှတမှုနှင့် ပတ်သက်၍ ကန့်ကွက်ခံရခြင်း အလျဉ်းမရှိသော မိမိတို့၏ ကိုယ်စားလှယ် ၄၂ ဦးကို သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူလူထု၏ လူထုကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြုထားကြောင်း ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်